# (၁၉) ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့်နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး ပြောကြားခဲ့သည့် မိန့်ခွန်း

MICC-II, နေပြည်တော် ၂၈-၁၂-၂၀၁၈

- အားလုံးပဲ မင်္ဂလာပါ
- ယနေ့(၁၉)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေးသမားတော်များ ညီလာခံနှင့် မြန်မာ့တိုင်းရင်းဆေးပညာရှင်များ နှီးနှောဖလှယ်ပွဲ ဖွင့်ပွဲအခမ်းအနားကို တက်ရောက်လာကြသော ပြည်ထောင်စုအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တိုင်းရင်းဆေး ပညာရပ်ဆိုင်ရာအကြံပေးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းမှ ဆရာကြီးများ၊ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းရှင်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ ညီလာခံ ကိုယ်စားလှယ်ကြီးများ၊ နှီးနှောဖလှယ်ပညာရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းနှင့် ပြည့်စုံပါစေလို့ ဦးစွာနှုတ်ခွန်းဆက်သအပ်ပါတယ်။
- တိုင်းရင်းဆေးပညာလောက ဖွံ့ဖြိုးတိုးတက်စေရန် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနမှ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးကောင်စီ၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပညာရှင်များနှင့် အမြဲတိုင်ပင်စုစည်းပြီး အစီအစဉ်များချမှတ်ကာ အစွမ်းကုန် ဆောင်ရွက်နေပါတယ်။ ဒါတွေကို တိုင်းရင်းဆေးပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်မှ ဦးဆောင်ပြီး လုပ်ဆောင်ရမှာဖြစ်ပါတယ်။ တိုင်းရင်းဆေးလောက ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ဖို့အတွက် မိမိမှာလည်း တာဝန်ရှိပါတယ်။

- တိုင်းရင်းဆေးပညာကို အနောက်တိုင်းဆေးပညာလိုမျိုး တိုးတက်စေဖို့ အတွက် အရှိန်အဟုန်မြှင့်ပြီး လက်တွေ့ကျကျ ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ Output ၊ Outcome များများ ထွက်ရှိအောင်လည်း လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။
- တိုင်းရင်းဆေးပညာလောက တိုးတက်စေဖို့အတွက် တိုင်းရင်းဆေးတက္ကသိုလ်မှ ဘွဲ့ရတိုင်းရင်းဆေးပညာရှင်များ အရည်အသွေးမြင့်မားဖို့ အထူးလိုအပ်ပါတယ်။ တစ်ဖြည်းဖြည်းချင်း အောင်မြင်အောင် လုပ်ဆောင်ကြရပါမယ်။ Holistic Review ပြုလုပ်ကြရမယ်။ တိုင်းရင်းဆေးတက္ကသိုလ်မှာ လက်ရှိကျင့်သုံးနေတဲ့ သင်ကြားမှုနည်းစနစ်၊ သင်ရိုးညွှန်းတမ်းတွေကို ပြန်လည်ဆန်းစစ်ဖို့ လိုအပ်ပါတယ်။ ဥပမာ – Topics တွေနဲ့ ပတ်သက်ပြီး တစ်ခုချင်းစီအလိုက် အချိန်ပေးထားမှု၊ ပါဝင်တဲ့အချက်အလက်တွေကို တိုင်းရင်းဆေးဆရာကြီးများနှင့်တိုင်ပင်ပြီး ပြန်လည်စဉ်းစား ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ အချက်အလက်အားလုံးကို ဘက်စုံရှုထောင့် Epidemiological Perspective မှ ကြည့်ရှုပြီး လိုအပ်တဲ့ အကြံဉာဏ်များ ပေးသွားမှာ ဖြစ်ပါတယ်။
- တက္ကသိုလ်မှာရှိတဲ့ သင်ကြားရေးဆရာများကို အရည်အသွေးပြည့်ဝဖို့နဲ့ ရာထူးတိုးတက်ရေးဆိုင်ရာ ကိစ္စရပ်တွေကိုလည်း ဆောင်ရွက်ပေးသွားမှာဖြစ်တယ်။ တိုင်းရင်းဆေးတက္ကသိုလ်ရဲ့ လိုအပ်တဲ့ သင်ထောက်ကူပစ္စည်းတွေကိုလည်း ထောက်ပံ့ပေးမှာ ဖြစ်ပါတယ်။ သုတေသနအဖွဲ့အစည်း (Research Unit) တစ်ခုထားရှိပေးပြီး Virtual Unit တစ်ခုအဖြစ် တည်ရှိရမှာ ဖြစ်ပါတယ်။ ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်/ အောက်မြန်မာပြည်)မှ သုတေသနပညာရှင်တွေက ကူညီဆောင်ရွက်ပေးရမှာ ဖြစ်ပါတယ်။
- ယခု ညီလာခံမှာ ပြခန်းတွေ ပြသထားတာ အလွန်ကောင်းမွန်ပါတယ်။ GMP၊ ISO ရရှိပြီးတဲ့ ဆေးဝါးတွေ၊ တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ စာအုပ်တွေကို

ပြသထားတာ တွေ့ရပါတယ်။ သို့သော် သုတေသနပိုင်းဆိုင်ရာမှာ အားဖြည့်ဆောင်ရွက်ဖို့ လိုအပ်နေပါသေးတယ်။ ဒါကြောင့် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာသုတေသန Virtual Unit မှာ ဆေးသုတေသနဦးစီးဌာန (အထက်မြန်မာပြည်/ အောက်မြန်မာပြည်)မှ သုတေသနပညာရှင်များ ပါဝင်ရမှာဖြစ်ပါတယ်။ Research ပြုလုပ်နိုင်ဖို့ Good Clinical Practice Guideline ဖြစ်တဲ့ International Conference on Harmonization– Good Clinical Practice (ICH–GCP) ကို တိုင်းရင်းဆေးတက္ကသိုလ်မှာ သင်ကြားပေးရမှာဖြစ်ပါတယ်။။ Research Management ၊ Responsible Conduct of Research ၊ Research Method ၊ Research Ethics / Clinical Trials များကို သင်ကြားပေးရမှာဖြစ်တယ်။ လူသားတွေနဲ့ပြုလုပ်တဲ့ Clinical Research များကိုပါ ပြုလုပ်ဖို့ ရည်ရွယ်ပါတယ်။

- တိုင်းရင်းဆေးဆိုင်ရာ သုတေသနတွေက အနောက်တိုင်းဆေးပညာဆိုင်ရာသုတေသနတွေနဲ့ သဘောတရား မတူညီနိုင်တဲ့အတွက် Research Method တွေလည်း အရေးကြီးမှုအဆင့်အတန်း အနည်းနဲ့အများ ကွာခြားမှုရှိနိုင်ပါတယ်။
- တိုင်းရင်းဆေးသုတေသနတွေ လုပ်ဆောင်ရာမှာ ခိုင်မာဖို့ လိုအပ်ပါတယ်။ သုတေသနတွေကို တိုင်းရင်းဆေးတက္ကသိုလ်နဲ့ ဆေးရုံတွေမှာ လုပ်ဆောင်နိုင်မည့် Implementation Research အတွက် Grant တွေလည်းရရှိပြီးဖြစ်ပါတယ်။ ဒါ့ကြောင့် Implementation Research ပြုလုပ်လိုသူများက အမြဲတမ်းအတွင်းဝန် ဦးဆောင်တဲ့ Implementation Research Board အဖွဲ့ကို Proposal ပေးပို့ပြီး ဆောင်ရွက်နိုင်ပါတယ်။ ထိုအဖွဲ့က အကဲဖြတ်အတည်ပြုပြီးရင် Ethical Review Committee / Institutional Review Board ကို တင်ရမှာ ဖြစ်ပါတယ်။

- အထူးအနေနဲ့ တိုင်းရင်းဆေးတက္ကသိုလ်မှာရှိတဲ့ ဆရာ/ ဆရာမတွေကို သုတေသနနဲ့ပတ်သက်ပြီး ပထမဆုံးအနေဖြင့် သင်တန်းတွေ ပေးပါမယ်။ စာများများဖတ်ကြပါ။ သုတေသနစိတ်ဓာတ် (Research Minded / Research Culture) ရှိဖို့လိုပါတယ်။ ဒါ့အပြင် တိုင်းရင်းဆေးတက္ကသိုလ်မှာ Panel Discussion ၊ Small Seminar တွေ ပိုမိုပြုလုပ်ရမှာ ဖြစ်ပါတယ်။ ဥပမာ– အမေရိကန်နိုင်ငံရှိ တက္ကသိုလ်နှင့် ကျောင်းများမှာဆိုရင် Lunch Time Talk တွေကို အမြဲတမ်းပုံမှန် အပတ်စဉ်ပြုလုပ်လျက်ရှိပါတယ်။ ပါမောက္ခများ၊ တွဲဖက်ပါမောက္ခများဟာ တစ်နှစ်လျှင် အနည်းဆုံး Research Paper (၂)ခုလောက် တင်သွင်းဖတ်ကြားကြတယ်။ သို့မှသာ ၎င်းတို့ရာထူးများမှာ ဆက်လက် တာဝန်ထမ်းဆောင်နိုင်မှာ ဖြစ်ပါတယ်။ ဆိုလိုတာကတော့ သုတေသနကို ပိုမိုဆောင်ရွက်စေလိုခြင်း ဖြစ်ပါတယ်။
- တိုင်းရင်းဆေးတက္ကသိုလ်အနေနဲ့ Research Paper မထွက်နိုင်ရင်လည်း အနည်းဆုံး Lunch Time Talk တွေကို ပါမောက္ခများ၊ တွဲဖက် ပါမောက္ခများ ပါဝင်ပြီး တစ်လကို (၂) ကြိမ်ခန့် လုပ်သင့်ပါတယ်။ ဒါ့အတွက် လက်ရှိအခြေအနေတွေကို Holistic Review လုပ်နိုင်ဖို့ အဖွဲ့ဖွဲ့စည်းရမှာ ဖြစ်တယ်။ တိုင်းရင်းဆေးတက္ကသိုလ်မှာ မွမ်းမံသင်တန်းများ (Reorientation courses) တွေကိုပေးရမယ်။ တက္ကသိုလ်မှာရှိတဲ့ စာကြည့်တိုက်ကိုလည်း Electronic based ဖြစ်ဖို့ အချိန်ယူ လုပ်ဆောင်သွားရမှာဖြစ်တယ်။ တိုင်းရင်းဆေးနဲ့ပတ်သက်ပြီး စာအုပ်များစွာ ထွက်ရှိပြီးဖြစ်တဲ့အတွက် စာကြည့်တိုက်မှာ စာအုပ်တွေကို ဖြည့်ပေးရမှာဖြစ်တယ်။ အချိန်တိုအတွင်း လုပ်ဆောင်နိုင်တဲ့ အရာတွေကို မြန်မြန်ဆန်ဆန် လုပ်ဆောင်ပြီးတော့ အချိန်ယူ လုပ်ဆောင်ရမည့်ကိစ္စတွေကို (၈)လ၊ (၁)နှစ်အတွင်း လုပ်ဆောင်သွားဖို့ လိုပါတယ်။ Honorable Professor ၊ Visiting Professor တွေကိုလည်း တိုင်းရင်းဆေးတက္ကသိုလ်မှာ ခန့်အပ်ပေးပါမယ်။ အနောက်တိုင်းဆေးပညာမှာ အထူးကု

ဘာသာရပ်တွေရှိသလို တိုင်းရင်းဆေးပညာမှာလည်း နယကြီး(၄)ပါး ရှိပါတယ်။ ဘယ်နယကို အရေးတကြီး လုပ်ဆောင်ရမယ်ဆိုတာကို တိုင်းရင်းဆေးပညာရပ်ဆိုင်ရာအကြံပေး (TAG) အဖွဲ့ရဲ့ အကြံဉာဏ်ယူပြီး လုပ်ဆောင်ရမှာဖြစ်ပါတယ်။ ဥပမာ– ဒေသနာနယ၊ ဘေသဇ္ဇနယ၊ နက္ခတ္တနယ၊ ဝိဇ္ဇာဓရနယ အထူးကုဘာသာရပ်တွေကို ဦးစားပေးအစဉ်အတိုင်း အဆင့်မြှင့်တင်သွားဖို့လိုအပ်ပါတယ်။

- ညီလာခံကိုယ်စားလှယ်တော်ကြီးများခင်ဗျာ– ၂၀၁၆၊ ၂၀၁၇၊ ၂၀၁၈ ခုနှစ်များက ကျင်းပခဲ့တဲ့ တိုင်းရင်းဆေးညီလာခံများရဲ့ မှတ်တမ်းများမှ ဆွေးနွေးချက်၊ အဆိုပြုချက်၊ အကြံပြုတိုက်တွန်းချက်တွေကို ပြန်လည်ကြည့်ရှုပြီး ဆောင်ရွက်ပြီးစီးမှု/မပြီးစီးမှု အခြေအနေတွေကို ပြန်လည်သုံးသပ်ကာ အစီအစဉ်တွေချမှတ်ပြီး ဆက်လက်အကောင်အထည်ဖော် လုပ်ဆောင်သွားရမှာဖြစ်ပါတယ်။ ယခု ၂၀၁၉ ညီလာခံမှာ တင်သွင်းမည့် အဆို(၄)ခုဟာ အလွန်ကောင်းမွန်ပါတယ်။ အထူးအားဖြင့် ကျင့်ဝတ်နဲ့ပတ်သက်တဲ့ အဆိုပြုချက်ဟာ အလွန်အရေးကြီးပါတယ်။ ကျင့်ဝတ်တွေနဲ့ပတ်သက်ပြီး တိုင်းရင်းဆေးကောင်စီရဲ့ အကြံပြုချက်တွေနဲ့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ကျင့်ဝတ်ကောင်းမွန်မှသာ တိုင်းရင်းဆေးလောကတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာမှာဖြစ်ပါတယ်။
- တိုင်းရင်းဆေးဝါးထုတ်လုပ်သူတွေအနေနဲ့လည်း ဆေးဝါးထုတ်လုပ်မှုတွေက အဆင့်မြင့်လာပြီ ဖြစ်ပါတယ်။ အချို့ဆေးဝါးစက်ရုံတွေက ISO ၊ GMP လက်မှတ်တွေ ရရှိထားပြီးဖြစ်ပါတယ်။ ဒါပေမဲ့ တချို့ဆေးဝါးတွေကို Clinical Research / Clinical Trials တွေလုပ်ဆောင်ဖို့ လိုအပ်နေပါသေးတယ်။ ထုတ်လုပ်ထားတဲ့ ဆေးတွေရဲ့ အာနိသင်၊ သောက်သုံးရမည့် ဆေးပမာဏ (Dose)၊ သောက်သုံး ရမည့် အကြိမ်အရေအတွက်၊ ဆေး၏ဘေးထွက်ဆိုးကျိုးစသည်တို့ကို သေသေချာချာ သုတေသနပြုလုပ်ဖို့လိုပါတယ်။ ဥပမာ –

ဆီးချို/ သွေးတိုးရောဂါတွေကို ကုသရာမှာ အသုံးပြုတဲ့ဆေးတွေကို လွန်လွန်ကဲကဲ သောက်သုံးမိရင် အသက်အန္တရာယ်ရှိပါတယ်။ ဒါ့ကြောင့် Clinical Research ပြုလုပ်ပြီး သေချာစွာဖော်ပြပေးနိုင်ရင် ပြည်သူတွေ ပိုမိုယုံကြည်စိတ်ချစွာ သုံးစွဲလာမှာဖြစ်ပါတယ်။ ဒါ့ကြောင့် သုတေသနအဖွဲ့အစည်းကို သေချာစွာ ဖွဲ့စည်းရမှာဖြစ်တယ်။ သုတေသနပြုလုပ်ရာမှာ ဆေးကုမ္ပဏီ၊ ပြည်ပနိုင်ငံတွေနဲ့ ပူးပေါင်းပြီး Multi Centric Research လုပ်ဆောင်ရမှာဖြစ်တယ်။ တရုတ်၊ အိန္ဒိယနဲ့ ထိုင်းနိုင်ငံတွေက တိုင်းရင်းဆေးပညာ အဖွဲ့အစည်းတွေနဲ့ နားလည်မှု စာချွန်လွှာရေးထိုးပြီး သုတေသနလုပ်ငန်းအပါအဝင် လုပ်ငန်းများစွာကို ပူးပေါင်းဆောင်ရွက်နိုင်ဖို့လည်း စီစဉ်ဆောင်ရွက်နေပါတယ်။ တိုင်းရင်းဆေးနဲ့ပတ်သက်တဲ့ သုတေသနတွေပြုလုပ်နိုင်ဖို့ အင်တာနက်မှာကြည့်ပြီး ပြည်ပနိုင်ငံတွေရဲ့ လုပ်ဆောင်နေမှုတွေကိုလည်း လေ့လာကြရမှာဖြစ်တယ်။ တိုင်းရင်းဆေးပညာဦးစီးဌာနအတွင်းက တိုင်းရင်းဆေးပညာရှင် တစ်ဦးနဲ့ အခြားအရာရှိ ဝန်ထမ်း (၂)ဦး ဦးဆောင်ပါဝင်တဲ့ အဖွဲ့ငယ် ဖွဲ့စည်းထားပြီး Multi Centric Research ကို ပြုလုပ်ကြရမှာ ဖြစ်ပါတယ်။

- ဆေးသုတေသနဦးစီးဌာနမှာလည်း Myanmar Health Research Registry ရှိပါတယ်။ တိုင်းရင်းဆေးပညာဦးစီးဌာနမှာလည်း Traditional Medicine Research Registry ရှိရမှာဖြစ်ပါတယ်။ ဒါမှ တိုင်းရင်းဆေးဘာသာကြီး (၄)ခုမှာ သုတေသနဆောင်ရွက်ထားတာတွေကို သိရှိနိုင်မယ့်အပြင် အခြားသုတေသနပြုလုပ်ဖို့ လိုအပ်တာတွေကိုလည်း သိရှိနိုင်မှာဖြစ်ပါတယ်။ ဒါ့ကြောင့် တိုင်းရင်းဆေးပညာဦးစီးဌာန၊ ညွှန်ကြား ရေးမှူးချုပ်က ဦးစီးပြီး Research Information System ထူထောင်ကာ ဆေးသုတေသနဦးစီးဌာနရဲ့ အကူအညီနဲ့ ဆောင်ရွက်ရမှာဖြစ်ပါတယ်။

- တိုင်းရင်းဆေးပရဆေးဥယျာဉ်နဲ့ ပတ်သက်၍လည်း ကျွန်တော်သွားရောက်ကြည့်ရှုခဲ့ပါတယ်။ လိုအပ်ချက်တွေ ရှိနေသေးတာကို တွေ့ရပါတယ်။ ဒါ့ကြောင့် တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေးအဖွဲ့ ဆရာကြီးများအနေနဲ့ သွားရောက်လေ့လာကြည့်ရှုပြီး တိုင်းရင်းဆေးလောက ကောင်းမွန်တိုးတက်လာအောင် လုပ်ဆောင်သင့်တာတွေ၊ လိုအပ်ချက်တွေကို အကြံဉာဏ်တွေ ပေးဖို့လိုပါတယ်။ ၁၉၉၃ ခုနှစ်က ရေးဆွဲခဲ့တဲ့ မြန်မာနိုင်ငံရဲ့ အမျိုးသားကျန်းမာရေးမူဝါဒ (National Health Policy) (၁၅) ချက်ထဲမှာ **"မြန်မာ့တိုင်းရင်းဆေးပညာ ဆောင်ရွက်ချက်များနှင့် သုတေသနလုပ်ငန်းများကို နိုင်ငံတကာအဆင့်မီသည်အထိ ဆောင်ရွက်ခြင်းကို အားပေးရန်နှင့် ပြည်သူ့ကျန်းမာရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ရန်"** ဆိုတဲ့ အချက်လည်း ပါဝင်နေပါတယ်။ ဒါကြောင့် တိုင်းရင်းဆေးသုတေသနကို အရှိန်အဟုန်မြှင့် တိုးတက်အောင် ဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။
- နိဂုံးချုပ်အနေနဲ့ မှာကြားလိုတာက ယခုကျင်းပနေတဲ့(၁၉)ကြိမ်မြောက် မြန်မာ့တိုင်းရင်းဆေး သမားတော်များညီလာခံမှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သမ္မတကြီးပေးပို့ခဲ့တဲ့ သဝဏ်လွှာပါ အချက်တွေနဲ့ ဒုတိယသမ္မတရဲ့ မိန့်ခွန်းပါ ဆောင်ရွက်ရမဲ့အချက်တွေကို တိုင်းရင်းဆေးပညာ ညွှန်ကြားရေးမှူးချုပ်အနေနဲ့ သေချာလေ့လာပြီး လိုက်နာဆောင်ရွက်သွားဖို့ လိုအပ်ပါတယ်လို့ မှာကြားရင်း နိဂုံးချုပ်ပါတယ်။